**CENTRAL COMMITTEE**
**KACHIN INDEPENDENCE ORGANIZATION**

# ထုတ်ပြန်ကြေညာချက်

၁။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ၏ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ကြေညာချက်အား ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ (၂၁) ရက်နေ့တွင် ထုတ်ပြန်သည်ကို သိရှိရသည်။ ဤထုတ်ပြန်ချက်သည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးပေါ်ထွန်းရေးအတွက် အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါသည်။

၂။ KIO ဗဟိုကော်မတီ၏သဘောထားမှာ တပ်မတော်အနေဖြင့် တနိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲကြောင်း ကြေညာပေးရန် လိုလားပါသည်။

၃။ KIO သည် "ပြည်တွင်းစစ်အား နိုင်ငံရေးဆွေးနွေးရေးနည်းဖြင့်သာ ဖြေရှင်းနိုင်မည်" ဟူသော မူသဘောထားချမှတ်ထားသည့်အတိုင်း တွေ့ဆုံဆွေးနွေးရေးအား ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်သည်။

၄။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ (၂၁) ရက်နေ့ ထုတ်ပြန်ချက်ပါ အကြောင်းအရာ အချက်အလက်များအား တပ်မတော် တာဝန်ရှိသူများနှင့် ရင်းနှီးပွင့်လင်းစွာ အသေးစိတ်ဆွေးနွေးအဖြေရှာသွားရန် ဆန္ဒရှိပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ဗဟိုကော်မတီ
K I O

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်။